ပုံစံ (၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၂၂၂ / ၂၀၂၀ — ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ 15 ရက်

မြန်မာနိုင်ငံနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ဥပဒေပုဒ်မ ၂၅ (ဂ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်-

(၁) ရင်းနှီးမြှုပ်နှံသူ/ ကမကထပြုသူအမည် — ဦးစန်ဝင်း (ခ) ရှုစန်

(၂) နိုင်ငံသား — မြန်မာ

(၃) နေရပ်လိပ်စာ — အမှတ် ၉၊ အောင်သိဒ္ဓိလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ — ရှုစန် စက်မှုလက်မှုထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၊ အမှတ် ၉၊ အောင်သိဒ္ဓိလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(၅) ဖွဲ့စည်းရာအရပ် — မြန်မာ

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား — ဆန်ကြိတ်ခွဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) — ဦးပိုင်အမှတ်-၄/က၊ ကွင်းအမှတ်- ၂၉၂-A၊ ကုလားမှိုင်းမြောက်ကွင်း၊ ဝါးတရာကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး

(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ — မရှိ

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ — မရှိ

(၁၀) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) — ကျပ် ၁၀,၈၁၁.၅၆၀ သန်း (အမေရိကန်ဒေါ်လာ ၄.၈၅၁ သန်း အပါအဝင်စုစုပေါင်း ကျပ် တစ်သောင်းရှစ်ရာ တစ်ဆယ့်တစ်သန်းနှင့် ငါးသိန်း ခြောက်သောင်းခန့်)

(၁၁) တည်ဆောက်မှုကာလ — ၂ နှစ်

(၁၂) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့်သက်တမ်း — ၅၀ နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ — ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် — Shu San Industry Company Limited (ရှုစန် စက်မှုလက်မှုထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်)

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

Form (3)

P000176

THE REPUBLIC OF THE UNION OF MYANMAR

Myanmar Investment Commission

PERMIT

Permit No. 222 / 2020 Dated 15 January 2020

This permit is issued by the Myanmar Investment Commission in accordance with Section 25 (c) of the Myanmar Investment Law.

(1) Investor Name U SAN WIN @ SHUSAN

(2) Citizenship MYANMAR

(3) Residential Address NO. 9, AUNG THEIK HTI STREET, WARD-3, MAYANGONE TOWNSHIP, YANGON

(4) Name and Address of Principal Organization SHU SAN INDUSTRY COMPANY LIMITED, NO. 9, AUNG THEIK HTI STREET, WARD-3, MAYANGONE TOWNSHIP, YANGON

(5) Place of incorporation MYANMAR

(6) Type of Business PROCESSING AND SALES OF RICE AND RICE RELATED PRODUCTS

(7) Place(s) of Investment Project HOLDING NO. 4/KA, KWIN NO- 292-A, KALAHMINE NORTH KWIN, WARTAYAR VILLAGE TRACT, HTANTABIN TOWNSHIP, YANGON REGION

(8) Foreign Capital Amount NIL

(9) Period for Foreign Capital to be brought in NIL

(10) Total Amount of Capital (Kyat) 10,811.560 MILLION (INCLUDING US$ 4.851 MILLION)

(11) Construction/ Preparation Period 2 YEARS

(12) Validity of Permit 50 YEARS

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar SHU SAN INDUSTRY COMPANY LIMITED

Thaung Tun

(Thaung Tun)

Chairperson

Myanmar Investment Commission

F.

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ် ၊ မရက- ၂/ ခ-၀၄၅/ ၂၀၂၀ (၀၁၃)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ 15 ရက်

အကြောင်းအရာ။ ရခိုင်နှန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Shu San Industry Company Limited (ရှုစန် စက်မှုလက်မှုထုတ်လုပ်ရေးကုမ္ပဏီလီမိတက်) မှ ဆန်ကြိတ်ခွဲ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုလွှာ တင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက် ။ Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) ၏ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်စွဲ ပါစာ

၁။ ရခိုင်နှန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) မှ ဦးပိုင်အမှတ်-၄/က၊ ကွင်းအမှတ်- ၂၉၂-A ၊ ကုလားမှိုင်းမြောက်ကွင်း၊ ဝါးတရာကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်း မြေဧရိယာ၇.၉၈ ဧက အနက်မှ ၅.၁၃ ဧက တွင် ဆန်ကြိတ်ခွဲ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြခြင်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေကို ကျင့်သုံးလျက် Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) အား ဆန်ကြိတ်ခွဲ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်အမှတ်၊ ၂၂၂/၂၀၂၀ ကို ထုတ်ပေးလိုက်သည်။

၂။ Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၁၈)၊ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကိုပြဋ္ဌာန်းထားသည့်အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုရည်မှန်းချက်များကို အကောင်းဆုံး ရည်မှန်းချက်များ အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေးကုမ္ပဏီ လီမိတက်)အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန် ဝတ္တရားများနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) သည် လုပ်ငန်းဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ဖြစ်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံး လုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့် အညီလိုက်နာဆောင်ရွက်ရမည်။

(င) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) လုပ်ငန်းဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အတွက် လိုအပ်သည့် မီးဘေးအန္တရာယ်ထိန်းသိမ်းကာကွယ်ရေးစနစ်များကို ဝန်ခံ ကတိပြု ထားသည့်အတိုင်း စနစ်တကျထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ် ဦးစီးဌာန ၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။ ထို့ပြင် ရေသိုလှောင်ကန်၊ မီးသတ်ဆေးဘူး များ၊ သဲအိတ်များကဲ့သို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု ဆောင်ရွက်ချက်များကို ဆောင်ရွက် ရမည်ဖြစ်ပြီး မီးငြိမ်းသတ်ရေး လုပ်ငန်းသုံး ပစ္စည်းများ အသုံးပြုတတ်စေရန်အတွက် သင်တန်းများပေးခြင်းနှင့် မီးသတ်အရာရှိ တစ်ဦး ခန့်အပ်ခြင်း တို့ကို ဆောင်ရွက်ရမည်။

(စ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၈၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှု ကော်မရှင်သို့ တင်ပြရမည်။

(ဆ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ နှစ်စဉ်

ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ် အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်) ဆိုဒ် သို့တင်ပြရမည်။

(ဓ) Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ လုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်က သတ်မှတ်တောင်းခံသည့် ပုံစံဖြင့်တင်ပြရမည်။

၃။ Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၆၅ (ဃ) အရ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင်သို့မဟုတ် ခွင့်ပြုမိန့် ရယူရန်လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်ရမည်။

၄။ Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်း သဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီး ဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ပြီး မိတ္တူ (၅)စုံစီ အား ကော်မရှင်သို့ ပေးပို့ရမည်။

Thaung Tun

(သောင်းထွန်း)

ဥက္ကဋ္ဌ

Shu San Industry Company Limited (ရှုစန် စက်မှုလက်မှု ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်)

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန